# ယူနန်ဇီဝပတ်ဝန်းကျင်အရည်အသွေးဆက်လက်ကောင်းမွန်စွာ တိုးတက်ပြောင်းလဲ


ယခင်နှစ်ကတည်းက ယူနန်ပြည်နယ်ပါတီကော်မတီ၊ ပြည်နယ်အစိုးရတို့မြင့်မားစွာ အလေးထားပြီး တစ်ပြည်နယ်လုံး သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဌာနများသည် သိပ္ပံနည်းပညာဖြင့် စီမံခန့်ခွဲ၍လေ၊ ရေ၊ မြေ ညစ်ညမ်းမှုကာကွယ်သော မဟာဗျူဟာကြီး (၃)ရပ်ကို ကောင်းမွန်စွာလုပ်ဆောင်ခဲ့သည်။ ထို့ကြောင့်ယူနန်တစ်ပြည်နယ်လုံး ဇီဝပတ်ဝန်းကျင် အရည်အသွေးဆက်လက်ကောင်းမွန်စွာ တိုးတက်ပြောင်းလဲပြီး "(၁၃)နှစ်မြောက်(၅)နှစ်စီမံကိန်း"၏ အစကောင်းခြင်းကို ဖြစ်မြောက်စေခဲ့ပါသည်။

လေထုညစ်ညမ်းမှုကို ကာကွယ်သောအပိုင်းကဏ္ဍတွင် ယခင်နှစ်ကတည်းက ယူနန်သည်လေထုညစ်ညမ်းမှုကာကွယ်ရေးအလုပ်စီမံချက်ကို နက်ရှိုင်းစွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီး စက်မှုလေထုညစ်ညမ်းထိန်းချုပ်ခြင်း၊ မြို့ပြဖုန်မှုန့်ညစ်ညမ်းမှု ထိန်းချုပ်ခြင်း၊ မော်တော်ယာဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်အုပ်ချုပ်ခြင်းတို့ကို ခိုင်မာစွာလုပ်ဆောင်နေပါသည်။ ယူနန်တစ်ပြည်နယ်လုံးတွင် အဝါရောင်တံဆိပ်မော်တော်ကား (ဆိုးဝါးစွာညစ်ညမ်းစေသောမော်တော်ကားဟု အဓိပ္ပာယ်ရသည်။)နှင့် အိုဟောင်းကားပေါင်း (၁. ၃၆)သိန်းစီးကို ဖယ်ရှားခဲ့ပါသည်။ တစ်ပြည်နယ်လုံး ပတ်ဝန်းကျင်လေထုအရည်အသွေး ဆက်လက်ကောင်းမွန်အောင်ဆက်လက်ပြောင်းလဲစေပြီး ထိန်းသိမ်းနေလျက်ရှိသည်။ ပြည်နယ်ခွဲအစိုးရ (၁၆)ခု တည်ရှိရာမြို့များတွင် ပတ်ဝန်းကျင် ကောင်းမွန်သောနေ့ရက်၏ ပျှမ်းမျှအချိုးအစားသည် (၉၈. ၃%) ရောက်ရှိပြီး ယခင်နှစ်ထက်(၁)ရာခိုင်နှုန်းမြှင့်တင်ခဲ့ပါသည်။

ရေညစ်ညမ်းမှု ကာကွယ်ရေးအပိုင်းကဏ္ဍတွင် ယခင်နှစ်က ယူနန်ပြည်နယ်အစိုးရမှ "ယူနန်ပြည်နယ်ရေညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေးအလုပ်စီမံချက်"ကို ထုတ်ပြန်ပြီး အကောင်ထည်ဖော်လုပ်ဆောင်ခဲ့ရာ ပြည်နယ်ခွဲနှင့်မြို့အသီးသီးမှ ရေညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေးအလုပ်စီမံချက်ကို ချမှတ်ခဲ့ကြသည်။ ပန်းတိုင်တာဝန်ယူစာကို အဆင့်ဆင့်လက်မှတ်ရေးထိုးခဲ့ကြသည်။ အင်း(၉)ခု အလေးထားထိန်းချုပ်ရေးစီမံကိန်းကို စနစ်တကျတွန်းဆော်လုပ်ဆောင်နေပြီး ယွမ်ငွေ(၅. ၃၃၈)ဘီလီယံ စုစုပေါင်းရင်းနှီးခဲ့ကာ နှစ်စဉ်ရင်းနှီးမှုစီမံကိန်းကို ကျော်လွန်လုပ်ဆောင်ခဲ့သည်။ ၎င်းအနက် အလ်ဟဲရေကန်ကြီးတွင် အရေးပေါ်ကယ်ဆယ်ရေးစနစ်ကိုစတင်ခဲ့သည်။ အလ်ဟဲကာကွယ်ထိန်းချုပ်သော "လုပ်ဆောင်ချက်(၇)ရပ်"ကို အကောင်အထည်ဖော်ခဲ့သည်။ ရီလုံဟူအင်း အသေးစိတ်ထိန်းချုပ်မှုဆိုင်ရာ သုံးနှစ်စီမံချက်ကိုလည်း လျင်မြန်စွာအကောင်အထည်ဖော်လုပ်ဆောင်နေသည်။ တစ်နှစ်ပတ်လုံး အင်း(၉)အင်းရေအရည်အသွေးမှာတည်ငြိမ်ပြီး ထျမ်ချီ၊ ချီလီအင်း၏ရေအရည်အသွေးမှာ ဆိုးဝါးသည့်အဆင့်Vမှ အဆင့်Vသို့ပြောင်းလဲနိုင်ခဲ့ပါသည်။

မြေညစ်ညမ်းမှုကာကွယ်ထိန်းချုပ်သည့်အပိုင်းကဏ္ဍတွင် ယခင်နှစ်က ယူနန်တွင် မြေညစ်ညမ်းမှုဆိုင်ရာထိန်းချုပ်ရေးနှင့် ပြုပြင်ပြောင်းလဲရေးနည်းပညာအသုံးပြုရန်စမ်းသပ်မှု စီမံကိန်း(၅)ခုကို အကောင်အထည်ဖော်လုပ်ဆောင်ခဲ့သည်။ အဓိကအကြီးစား သတ္တုညစ်ညမ်းစွန့်ပစ်ပစ္စည်းများထုတ်လွတ်မှုပမာဏ သိသာစွာနည်းပါးခဲ့ပြီး အကြီးစားသတ္တုညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အရေးကြီးသောနယ်ပယ်တွင် ပတ်ဝန်းကျင်အရည်အသွေးလည်း ကောင်းမွန်လာခဲ့သည်။

ညစ်ညမ်းစွန့်ပစ်ပစ္စည်းများထုတ်လွတ်မှုနည်းပါးစေရန်အတွက် ယူနန်



တစ်ပြည်နယ်လုံးရှိ သက်ဆိုင်ရာဌာနအသီးသီးမှ မြို့ရွာရေညစ်ရေပုပ်စီမံခန့်ခွဲရုံအပေါ် အလေးထားကြီးကြပ်အုပ်ချုပ်ခဲ့သည်။ အလေးထားသော စီမံကိန်းလုပ်ဆောင်မှုအခြေအနေကို ကြီးကြပ်စစ်ဆေးပြီး တစ်နှစ်ပတ်လုံးပြည်နယ်အဆင့် အလေးထားစီမံကိန်း(၆၀၉)ခုအနက်(၅၈၇)ခုကို အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ရာ (၉၆%)ပြီးမြောက်ခဲ့သည်။ ထို့အတူ ယူနန်ပြည်နယ်သည် ကျေးရွာပတ်ဝန်းကျင် အထွေထွေထိန်းချုပ်ရေးကို နက်ရှိုင်းစွာလုပ်ဆောင်ခဲ့ပြီး ခရိုင်တစ်ခုလုံး ထိန်းချုပ်ရေးလုပ်ဆောင်မှုစမ်းသပ်ဇုန်စံပြဇုန်ကို ဆက်လက်ဆောင်ရွက်ကာ နယ်စပ်တစ်လျှောက်၊ ဆင်းရဲနွမ်းပါးသောဒေသနှင့် ရိုးရာကျေးရွာပတ်ဝန်းကျင် အထွေထွေထိန်းချုပ်ရေးကို ခိုင်မာစွာလုပ်ဆောင်ခဲ့သည်။ တစ်ပြည်နယ်လုံးရှိကျေးရွာတွင် စွမ်းအင်ချွေတာစေရန်နှင့်စွန့်ပစ်ပစ္စည်းနည်းပါးစေရန် တရုတ်အစိုးရထောက်ပံ့ငွေသန်းပေါင်း(၄၇၀)ယွမ်နှင့် ပြည်နယ်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထူးထောက်ပံ့ငွေသန်းပေါင်း (၈၆. ၃၄)ယွမ်ကို ရင်းနှီးပြီးပတ်ဝန်းကျင်ထိန်းချုပ်ရေးစမ်းသပ်ရွာ(၅၄၃)ခုကို တည်ထောင်ခဲ့သည်။

သတင်းထောက် ဟူရှောင်ယုံ။

# "နှစ်ပြည့်တစ်ရွာ" –တရုတ်မြန်မာချစ်ကြည်ရေးပြတင်းပေါက်

ယူနန်ပြည်နယ် တယ်ဟုန်တိုင်(ရှမ်း)တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်မှုပြည်နယ်ခွဲ ရွှေလီမြို့ရှိ တရုတ်မြန်မာနယ်စပ်ဒေသတွင် ကျေးရွာတစ်ခုသည် နိုင်ငံနယ်နိမိတ်လိုင်းဖြင့် နှစ်ခြမ်းခွဲရသည်။ တရုတ်ဖက်ကို ရင်ကျင်းဟုခေါ်ပြီး မြန်မာနိုင်ငံဖက်ကို မန်ရှိုးဟုခေါ်ပါသည်။ ကျေးရွာအတွင်းရှိနိုင်ငံနယ်နိမိတ်လိုင်းသည် ဝါးခြမ်း၊ ရွာလမ်း၊ ရေမြောင်း၊ မြေအုတ်စသည်တို့ဖြင့် ပိုင်းခြားထားပါသည်။



ယခုနှစ်ပိုင်းတွင် တယ်ဟုန်ပြည်နယ်ခွဲသည် မိမိ၏ထူးခြားသောတည်နေရာအားသာချက်ဖြင့် "နယ်စပ်ရှုခင်း" ခရီးသွားအမည်ကတ်ကို မိတ်ဆက်ပေး၍"နှစ်ပြည့်တစ်ရွာ"ဖြင့် ကိုယ်စားပြုသော ထူးခြားသည့်ရှုခင်းသာကို ခရီးသည်များက ပိုမိုဂရုပြုလာကြပါသည်။

ရွှေလီခရီးသွားလာရေးအုပ်စုအဖွဲ့၏ "နှစ်ပြည့်တစ်ရွာ" ခရီးသွားလာရေးယဉ်ကျေးမှုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာရောက်ဝိမ်ယူက မိတ်ဆက်ပြောကြားသည်မှာ- ၂၀၀၅ခုနှစ်ကတည်းက ရင်ကျင်းတိုင်(ရှမ်း)တိုင်းရင်းသားကျေးရွာကိုစီမံခန့်ခွဲမှုများလုပ်ဆောင်ခဲ့ပြီး ကျေးရွာဓလေ့ရှုခင်း၊ တရုတ်မြန်မာရှုခင်းပြပွဲ၊ တရုတ်မြန်မာကျေးရွာဈေးပွဲတော်၊ တရုတ်မြန်မာစားကောင်းသောက်ဖွယ်ဈေးတန်းစသည့် ထူးခြားသော ခရီးသွားလာရေးဝန်ဆောင်မှုစီမံကိန်းများကို လုပ်ဆောင်ခဲ့ရာ ဆွဲဆောင်မှုများအဆက်မပြတ်မြှင့်တင်လာသည်ဟု မိတ်ဆက်ပြောဆိုခဲ့သည်။ ၂၀၁၆ ခုနှစ် "နှစ်ပြည့် တစ်ရွာ" သည် ခရီးသည်ဦးရေ(၃)သိန်းကိုလက်ခံခဲ့ပြီး လုပ်ငန်းဝင်ငွေပေါင်းယွမ်သိန်း(၈၀) ရရှိခဲ့ရာ တူညီချိန်နှင့်နှိုင်းယှဉ်လျှင်(၆၀%) တိုးမြှင့်ခဲ့သည်။

ရင်ကျင်းရွာနှင့်မြန်မာနိုင်ငံမန်ရှိုးရွာ၏ရွာသူရွာသားအများစုသည် ယခင်ကစိုက်ပျိုးရေးလုပ်ငန်းသာ လုပ်ဆောင်သည်ဟု ရောက်ဝိမ်ယူကပြောပြသည်။ "နှစ်ပြည့်တစ်ရွာ" ရှုခင်းဇုန်ဆောက်လုပ်ရာတွင် ဒေသခံရွာသူရွာသားများစွာကို တာဝန်ခန့်အပ်ပေးခဲ့သည်။ အုပ်ချုပ်၊ မိတ်ဆက်၊ တင်ဆက်၊ ရောင်းချစသည့် အလုပ်များကိုလုပ်ဆောင်ခြင်းဖြင့် သူတို့၏ဝင်ငွေကို မြှင့်တင်လာပါသည်။ "ကျွန်တော်တို့ကုမ္ပဏီမှာ မြန်မာနိုင်ငံဝန်ထမ်းပေါင်း(၁၆၀)ကျော်ရှိပါတယ်။"

"နှစ်ပြည့်တစ်ရွာ"ရှုခင်းဇုန်သည် ယခုတတိယစီမံကိန်းကို လုပ်ဆောင်နေသည်။ "ယွမ်ငွေ (၄၀)သန်းကို စုစုပေါင်းရင်းနှီးမယ်။ စေတီပေါင်း(၄၀၀)ကျော်ဆောက်လုပ်မှာဖြစ်ပါတယ်။ ဒီနှစ်ပေါက်ဖော်ပျော်ပွဲရွှင်ပွဲမတိုင်မီ ပြီးအောင်လုပ်ပါမယ်။"ဟု ရောက်ဝိမ်ယူက ပြောပြသည်။ မြန်မာနိုင်ငံသည် "စေတီနိုင်ငံ" ဟုအမည်ရှိသောကြောင့် အသေးစား ရှုခင်းဇုန်များဆောက်လုပ်ခြင်းဖြင့် ခရီးသည်များမြန်မာနိုင်ငံကို မရောက်သော်လည်း မြန်မာနိုင်ငံကိုရှုစားစေနိုင်ပါသည်။ ရှုခင်းသာဇုန်တွင် ပေါက်ဖော်ပြတိုက်၊ နှစ်ပြည့်တစ်ခြံစသည့်ရှုခင်းဇုန်များကို ဆောက်လုပ်နေလျက်ရှိကြောင်း သူကပြောပြခဲ့သည်။ တရုတ်မြန်မာနှစ်နိုင်ငံပြည်သူ့ယဉ်ကျေးမှု၊ နေထိုင်မှုကို ပြသခြင်းဖြင့် "မြစ်ရေအတူသောက်"ဟူသော ချစ်ကြည်ရေးကိုဖော်ပြနိုင်ပါသည်။

သတင်းထောက် လျော့ကျိယူ

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn